စာစဉ်-၅

အုံ့ဖွယ်စိုက်ပျိုးရေးစနစ်



# စူပါ-ဖမ်း(SFS)

## အခန်း ၆၅

## နောက်ထပ် အားကောင်းမောင်းသန် လုပ်သားတစ်ယောက် ထပ်တိုးလာပြန်ပြီ

*

လင်းယန်သည် ကတုံးချန်တို့တစ်သိုက်၏ မျက်နှာပျက်နေပုံကို အထင်အရှား မြင်နေရသည်။ တကယ်ကို ရယ်စရာကောင်းလှပေသည်။

သို့သော် ကတုံးချန်တို့ကတော့ လင်းယန်၏ နှုတ်ခမ်းထောင့်က အပြုံးကို မြင်သောအခါ ရင်

ထဲတွင် တထိတ်ထိတ် တုန်သွားကြတော့သည်။ အခြေအနေက တော်တော်လေး အန္တရာယ်ရှိနေပြီဟု ခံစားလိုက်ရ၏။

"ငါတို့ လုပ်လိုက်တဲ့အလုပ်က ကိုကြီးလင်းကို လုံးဝ ရန်စမိသွားပြီလား မသိဘူး။"

"ဘယ်လိုလုပ်ကြမလဲ!"

"ဒီရဲတွေက ငါတို့ဘက်ကနေ ဘယ်တော့မှ ပြောပေးမှာ မဟုတ်ဘူး။"

"ငါတို့ကလည်း အထဲကို ခဏခဏ ဝင်ဖူးတာ ကိုး။"

"ဟူး... အရင်ကတည်းက ရန်မဖြစ်ခဲ့သင့်ဘူး။"

လူငယ်တစ်စုမှာ ချက်ချင်းပင် ဇွဲလျော့ကာ နွမ်းဖတ်သွားကြတော့သည်။ လင်းယန်က လက်စားချေမည်ကိုလည်း အလွန်စိုးရိမ်နေကြ၏။ ဘာပဲဖြစ်ဖြစ် ဒါက သူ့နယ်မြေ မဟုတ်လား။ ဒီတောနက်ထဲမှာဆိုတော့ ပိုပြီးတော့တောင် အန္တရာယ်များသေးသည်။

တစ်ဖက်တွင်မူ ရဲအရာရှိမလေး ဟူရွယ်ကတော့ အလွန်ပင် စိတ်အားထက်သန်နေ၏။

"ဒီရွာက ကျွန်မတို့ရဲ့ နယ်မြေထဲမှာပဲ ရှိတာဆိုတော့ တစ်ခုခု အခက်အခဲရှိရင် ကျွန်မတို့ကို အချိန်မရွေး ပြောပါနော်။

နောက်ပြီး ကျွန်မရဲ့ ဖုန်းနံပါတ်ကိုလည်း မှတ်ထားပေးပါ၊ ဘာကိစ္စပဲရှိရှိ ကျွန်မဆီ ဆက်

သွယ်လို့ ရပါတယ်။"

"ရပါတယ်၊ ပြဿနာမရှိဘူး။"

ဤပုံဟူရှယ်အပေါ် လင်းယန်၏အမြင်ကတော့ မဆိုးလှပါ။ သူမက ငယ်ရွယ်သေးပြီး နောက်ခံအဆက်အသွယ်ကြောင့် ဤနေရာသို့ ရောက်လာခြင်း ဖြစ်နိုင်သော်လည်း၊ သူမ၏ ကြွက်သားနှင့် ခွန်အားကို လင်းယန် ခံစားမိသည်။ သူမသာ အစွမ်းပြလိုက်လျှင် ကျားသစ်မတစ်ကောင်ကဲ့သို့ ဖြစ်ပေလိမ့်မည်။ ဟိုဘက်က လူမိုက်ငါးယောက်လောက်ကိုတော့ သူမတစ်ယောက်တည်းနှင့် အေးဆေး ကိုင်တွယ်နိုင်ပေလိမ့်မည်။

သိသာသည်မှာ သူမကိုယ်တိုင်ကလည်း

အရည်အချင်းရှိသူ ဖြစ်သည်။ အဘိုးစူးဘေးက လူယုံတွေလောက် မတော်သေးသော်လည်း၊ အမျိုးသမီးတစ်ယောက်အနေနှင့်မူ သူမထံမှ ထွက်ပေါ်နေသော အရှိန်အဝါမှာ လူကို ဆွဲဆောင်နိုင်စွမ်းရှိလှပေသည်။

ဖြစ်နိုင်သည်မှာ... သူမ၏ တရားမျှတလိုစိတ်ကြောင့် ဖြစ်ပေလိမ့်မည်။ သူမ ရပ်နေပုံကို ကြည့်ရုံနှင့်တင် တရားမျှတမှုတွေ ဝေနေသကဲ့သို့ပင်။ လင်းယန်သည် ဤကဲ့သို့သော အရှိန်အဝါမျိုးမှာ မည်ကဲ့သို့သော ပတ်ဝန်းကျင်မျိုးတွင် ပျိုးထောင်လာခဲ့သနည်းဟုပင် စဉ်းစားမရနိုင်အောင် ဖြစ်နေမိသည်။

ဟူရွယ်သည် သူမ၏အသံကို တတ်နိုင်သမျှနူးညံ့အောင် ကြိုးစားနေသော်လည်း လင်းယန်

ကတော့ သူမ၏ ဖုံးကွယ်ထားသော ခွန်အားကို ရိပ်မိနေဆဲပင်။

ဖုန်းနံပါတ်တွေ အပြန်အလှန် ပေးပြီးနောက်… ဟူရှယ်က ဘာကြောင့် သူ့နံပါတ်ကို ဇွတ်ယူနေရသလဲဆိုတာ လင်းယန် နားမလည်ပါ။ ထမင်းတူတူစားဖို့ ချိန်းမလို့လား? သူ့မှာ ဧကေ ၈၀၀ ကျော် စိုက်ဖို့ ကျန်သေးတာမို့လို့ တော်တော်လေး အလုပ်များနေတာလေ။

လင်းယန်သည် ဖြစ်စဉ်များကိုလည်း နားမလည်နိုင်အောင် ဖြစ်နေရသည်။ ဟူရှယ်၏မျက်လုံးထဲတွင် ထိုလူမိုက်လေးများမှာ အရေးပင် မပါသလိုပင်။ သူမက လင်းယန်ကိုသာ ပို၍ အာရုံစိုက်နေသည်။ နံပါတ်ရပြီးသော်လည်း ပြန်မည့်ပုံမပြဘဲ ဟိုမေးဒီမေးလုပ်

နေပြီးမှ အဓိကကိစ္စကို သတိရသွားပုံရသည်။

"ဒါနဲ့... ဒီလူတွေကို ဘယ်လို ကိုင်တွယ်စေချင်သလဲဟင်? ကျွန်မတို့ ရှင့်အတွက် တရားစီရင်ပေးပါ့မယ်။"

လင်းယန်သည် ထိတ်လန့်တုန်လှုပ်နေသော လူမိုက်များကို နောက်တစ်ကြိမ် လှည့်ကြည့်လိုက်ပြီးမှ -

"ဘာမှ မဖြစ်ပါဘူး၊ လယ်ထဲမှာ အလုပ်က တော်တော်များနေတာဆိုတော့ သူတို့ကို ဒီမှာပဲ ထားပြီး ကူခိုင်းလိုက်တော့မယ်။"

ဟူရှယ် ထိုစကားကို ကြားသောအခါ အနည်းငယ် ကြောင်သွားသည်။ ရဲတိုင်ခဲ့သော လူမိုက်လေးကတော့ သူတို့ ဘယ်လောက်

နိုပ်စက်ခံနေရကြောင်း တငိုငိုတရည်ရည်နှင့် ပြောခဲ့သော်လည်း... ဟူရှယ်တို့လို အတွေ့အကြုံရှိတဲ့ ရဲတွေရှေ့မှာတော့ ဒါတွေက ကလေးကလားတွေပါ။

ဒီလူတွေက ဘယ်လိုလူတွေလဲဆိုတာ သူတို့ မိဘတွေထက်တောင် ရဲတွေက ပိုသိနေတာလေ။ ဒီလို တောခေါင်ခေါင်နေရာမှာ လာပြီး အနိုင်ကျင့်ခံရတယ်ဆိုတာ... သိသာလှသည်မှာ တစ်ဖက်လူကို အရင်လာနှောင့်ယှက်ပြီးမှ ပြန်အပိတ်ခံလိုက်ရခြင်းပင်။ အကယ်၍ နစ်နာသူက လင်းယန်သာ မဟုတ်လျှင် သူတို့ လှည့်တောင်ကြည့်မည်မဟုတ်ပေ။

တစ်ဖက်တွင်မူ လူမိုက်များသာ ဟူရှယ်၏အတွေးကိုသိလျှင် ရင်ကွဲသွားပေလိမ့်မည်။

ငါတို့က တကယ့် နစ်နာသူတွေပါဟ! ပျိုးပင်နည်းနည်းပဲ နင်းမိတာကို လေးယောက်တောင် ခြေထောက်ကျိုးသွားတယ်၊ ကျန်တဲ့သူတွေလည်း လယ်ထဲမှာ ခိုင်းနွားတွေလို လုပ်နေရတာပါဆို!

သို့သော် ဟူရှယ်ကတော့ ဒါတွေကို မသိပါ။

"သူတို့ကို အလုပ်လုပ်ခိုင်းတာလည်း ကောင်းပါတယ်။ ရန်ပွဲတွေ လိုက်ဖြစ်နေတာထက်စာရင်တော့ ပိုကောင်းတာပေ့ါ။ အကယ်၍ စကားနားမထောင်ရင် ကျွန်မကို ဆက်သွယ်လိုက်ပါ၊ ကျွန်မတို့ သူတို့ကို ခေါ်သွားပြီး အချုပ်ထဲမှာ ခဏ ထည့်ထားပေးမယ်။"

ကတုံးချန်တို့ ထိုစကားကို ကြားသောအခါ လုံး၀ လိမ္မာသွားကြတော့သည်။ အချုပ်ထဲမှာ နေရ

မည့်နေ့ရက်များထက်စာလျှင် ဒီမှာ ပင်ပန်းရသည်မှာ ခံသာပါသေးသည်။ ဘာပဲဖြစ်ဖြစ် အရိုက်တော့ မခံရဘူး မဟုတ်လား။ အချုပ်ထဲက လူမိုက်ကြီးတွေနဲ့သာ သွားတိုးရင်တော့ သိက္ခာဆိုတာ လုံး၀ ရှိတော့မှာ မဟုတ်ဘူးလေ။ ကိုကြီးချန်ဆိုတာလည်း အပိုစာလုံး ဖြစ်သွားမှာပေါ့။

"အရာရှိမင်း... စိတ်ချပါ၊ ကျွန်တော်တို့ အကောင်းဆုံး လုပ်ပါ့မယ်။ အလုပ်လုပ်ရတာ ဂုဏ်ယူစရာပါပဲ။"

"ဟုတ်ပါတယ်... ကျွန်တော်တို့ လယ်စိုက်ရတာကို အရမ်းချစ်တာပါ။"

"မှန်ပါတယ်... အလုပ်လုပ်ရတာက စိတ်ကို လန်းဆန်းစေပါတယ်။"

ဟူရှယ်သည် သူတို့ကို အံ့သြတကြီး ကြည့်ပြီးနောက် လင်းယန်ကို ချီးကျူးသော အကြည့်ဖြင့် ကြည့်လာသည်။

"ရှင် သူတို့ကို ဘယ်လိုလုပ်ပြီး ဒီလောက်အထိ လိမ္မာအောင် လုပ်လိုက်တာလဲ?"

လင်းယန် မေးစေ့ကို ပွတ်ရင်း ခန စဉ်းစားလိုက်ကာ - "ဖြစ်နိုင်တာကတော့... ကျွန်တော်က အရမ်း ချောနေလို့လား?"

အမှန်စင်စစ် သူကိုယ်တိုင်လည်း ဘာကြောင့်မှန်း သေချာမသိပါ။ ဖြစ်နိုင်သည်မှာ ဤလူမိုက်များက ရဲကို ကြောက်ကြခြင်း ဖြစ်ပေလိမ့်မည်။ သို့သော် ဟူရှယ်တို့ကို သူတို့ကိုယ်တိုင် ခေါ်လာခဲ့ကြတာ မဟုတ်လား။ တကယ်ကို နားမလည်နိုင်

စရာပင်။

ဟူရွှယ်လည်း လင်းယန်၏အဖြေကြောင့် အနေခက်သွားရသည်။ ဘယ်လို ပြန်ပြောရမှန်း မသိတော့ပေ။ လင်းယန်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု လွန်ကဲနေသည်ဟု ထင်ရသော်လည်း၊ ဆွဲဆောင်မှုရှိလှသော ထိုမျက်နှာကို ကြည့်လိုက်သောအခါတွင်မူ ၎င်းမှာ ငြင်းမရသော အမှန်တရားဖြစ်ကြောင်း သူမ ဝန်ခံလိုက်ရသည်။

နောက်ဆုံးတွင် သူမက -

"တစ်ခုခုဖြစ်ရင် ကျွန်မကို ဆက်သွယ်ပါ၊ ပူးပေါင်းဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။"

"မလိုပါဘူး၊ လယ်ထဲမှာ အလုပ်ကျန်သေးလို့ ကျွန်တော် မလိုက်ပို့တော့ဘူးနော်။"

ဟူရွယ် ပါးစပ်လေး ဟသွားသည်။ သူမက လင်းယန်နှင့် စကားအကြာကြီး ပြောချင်နေသော်လည်း၊ လင်းယန်ကတော့ စကားဝိုင်းကို အမြဲတမ်း တန်းဖြတ်ပစ်နေသည်။ အခုလည်း ပြန်ခိုင်းနေပြီပေါ့။ ကျွန်မတို့လည်း ဝိုင်းကူပေးပါ့မယ်လို့ ပြောဖို့ကျတော့လည်း… ဒါက ရှုံးချိန်ကြီးလေ…။

သူမ စဉ်းစားနေစဉ်မှာပင် လင်းယန်က သူမ၏အတွေးကို ဖြတ်လိုက်သည်။

"အရာရှိဟူ… လက်ကို ဒီအတိုင်း အကြာကြီး ဆုပ်ကိုင်ထားရင် ဘေးကလူတွေ မြင်ရင် မကောင်းဘူး။ ကျွန်တော်က ခင်ဗျားကို

အခွင့်ကောင်း ယူနေတယ်လို့ ထင်ကုန်ကြဦး မယ်။"

"အာ... ဩော်... ဟုတ်ကဲ့။"

ဟူရှယ် ချက်ချင်း သတိဝင်လာပြီး ချွေးပြန်နေသော သူမ၏လက်ဖဝါးကို အမြန် ပြန်ရုတ်လိုက်သည်။ သူမ၏မျက်နှာမှာလည်း နီရဲနေတော့သည်။

လင်းယန်ကတော့ စေတနာနှင့် ပြုံးပြလိုက်၏။ သူ့လက်ကို ဆွဲထုတ်လိုက်ရန် လွယ်ကူသော်လည်း၊ အေးမြလှသော ထိုလက်ဖဝါးလေး၏ အထိအတွေ့မှာ မဆိုးလှကြောင်း သူ ဝန်ခံရပေမည်။

သို့သော် သူ့အပြုံးကြောင့် ဟူရှယ် ပို၍

အနေခက်သွားကာ - "ရုံးမှာ အလုပ်ရှိသေးလို့ ကျမ သွားလိုက်ပါဦးမယ်" ဟု ဆိုကာ ကားပေါ် သို့ အမြန် တက်သွားတော့သည်။

လင်းယန်နှင့် နှုတ်ဆက်ခဲ့သော သူမ၏လက်ကို ကြည့်ရင်း ဟူရှယ်၏ရင်ထဲတွင် အလွန်ပင် စိတ်လှုပ်ရှားနေ၏။

ခုနကတင် သူနဲ့ လက်ဆွဲနှုတ်ဆက်ခဲ့တာနော်! ပြန်ရောက်ရင် လက်မဆေးတော့ဘူး။

တကယ်ကို ကံကောင်းလိုက်တာ။

သို့သော် မကြာမီမှာပင် ကားပေါ်က လုပ်ဖော်ကိုင်ဖက်များက သူမကို ထူးဆန်းသော အကြည့်များဖြင့် ကြည့်နေသည်ကို သူမ တွေ့လိုက်ရသည်။

"အစ်မဟူ... ဘာဖြစ်လို့လဲဟင်" အလုပ်သင် ရဲ

လေးတစ်ယောက်က ဇဝေဇဝါဖြင့် မေးလိုက်၏။

ဟူရွယ် ချောင်းနှစ်ချက် ဟန့်လိုက်ကာ အခြေအနေကို ထိန်းလိုက်သည်။

"ဘာမှမဖြစ်ပါဘူး၊ ဘာမှမဖြစ်ဘူး။"

ကားထဲတွင် ရယ်သံများ ပွက်လောရိုက်သွားတော့သည်။ ဟူရွယ်ကတော့ သူတို့ ဘာတွေးနေမှန်း သိသဖြင့် ဒေါသထွက်ဟန်ဆောင်လိုက်ကာ -

"သေချင်နေကြတာလား!"

"ဖရဲသီးကိုကို ကို ကြိုက်ရင်လည်း အတည်ပြောလိုက်ပါလား၊ အစ်မ လက်ဦးအောင် မလုပ်ရင် တခြားလူတွေ ပါသွားဦးမယ်နော်။"

အသက်ကြီးတဲ့ ရဲတစ်ယောက်က စေတနာနှင့်

သတိပေးလိုက်သည်။

ဟူရှယ် ပို၍ပင် ရှက်သွားကာ -

"မ... မဟုတ်ပါဘူး၊ ဘယ်ကလာတာလဲ။ အခုမှ တစ်ခါပဲ တွေ့ဖူးတာကို၊ ဘယ်လိုလုပ် အဲ့ဒီလောက် မြန်မြန် ကြိုက်မှာလဲ။"

ထိုရဲကြီးကတော့ ခေါင်းယမ်းလိုက်ကာ - "ငယ်သေးလို့ပါပဲ၊ ကိုယ့်စိတ်ကို ဖုံးကွယ်ဖို့တောင် မတတ်သေးဘူး။"

ဟူရှယ် ပို၍ပင် ထိတ်လန့်သွားသော်လည်း ကားထဲက အငွေ့အသက်ကတော့ တကယ့်ကို ပျော်စရာ ကောင်းနေတော့သည်။

......

လင်းယန်သည် ရဲကား ထွက်သွားသည်ကို ကြည့်ပြီးမှ စိတ်အေးသွားတော့သည်။ သူတို့ အကြာကြီး နေသွားပြီး သူ လယ်စိုက်တာကို နှောင့်နှေးသွားမှာကို သူ တကယ် စိုးရိမ်နေခဲ့တာပါ။ ကံကောင်းသည်မှာ လာတာလည်း မြန်၊ ပြန်တာလည်း မြန်၏။

နောက်ပြီး... လင်းယန်အတွက် အင်အားရှိသော အလုပ်သမားတစ်ယောက်ပါ ထပ်တိုးပေးခဲ့သေးသည် မဟုတ်လား!

ကတုံးချန်တို့တစ်သိုက်မှာ လင်းယန်၏အကြည့်ကို မြင်သောအခါ အလုပ်ကိုသာ အာရုံစိုက်ကာ ခေါင်းငုံ့လုပ်နေကြတော့သည်။ ရဲတိုင်ခဲ့သော လူမိုက်လေး တစ်ယောက်သာလျှင် အတော်လေး ထိတ်လန့်နေ၏။ သူ လယ်မစိုက်

တတ်ပေ!

ကံကောင်းသည်မှာ သူ့သူငယ်ချင်းငါးယောက်က တော်တော်လေး ကူညီကြသဖြင့် ခဏချင်းမှာပင် လယ်စိုက်နည်းကို သူ တတ်သွားခဲ့သည်။

ဟက်... လယ်စိုက်တာလည်း ဘာမှ မခက်ပါလား။ ငါက တော်တော် တော်တာပဲ။

ထိုလူမိုက်လေးသည် ရန်ဖြစ်တာကလွဲလျှင် ဤအလုပ်မှာ သူ အတော်ဆုံးဖြစ်လိမ့်မည်ဟု တွေးကာ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူနေတော့သည်။

အခြားငါးယောက်ကတော့ အသစ်ရောက်လာသူက အားရပါးရလုပ်နေသည်ကို ကြည့်ကာ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ပြုံးလိုက်

ကြသည်။ ဒီအတိုင်းသာ ဆက်လုပ်သွားရင်တော့ ညကျလျှင် ဒီကောင် လုံး၀ ခွေကျသွားမှာ သေချာသည် မဟုတ်လား။

ဒါပေမဲ့... လယ်စိုက်ရခြင်းမှရရှိသော အနည်းငယ် ရှက်စရာကောင်းသည့် ထို အောင်မြင်မှု ခံစားချက်ကိုတော့... သူတို့ ဘယ်တော့မှ ၀န်ခံကြမည် မဟုတ်ပေ။

***